AIA

FIRST
in market

# AIA BEYOND Critical Illness

အစားထိုးမရတဲ့ဘဝအတွက် စိတ်အေးချမ်းသာစေဖို့
ပိုကောင်းတဲ့ငွေကြေးအကာအကွယ်

### ထပ်ဆင့် အကာအကွယ်

အကြီးစား ပြင်းထန်ရောဂါ ၂၇ မျိုး အကာအကွယ်
ပေါ်လစီနှစ် ၆ နှစ် မှ ၁၀ နှစ် အတွင်း အာမခံထားငွေ၏ ၂ ဆ

### ကျန်းမာစွာနေထိုင်ခြင်းအတွက် ဆုကြေး

ပေါ်လစီနှစ်စေ့လျှင် ပရီမီယံကြေး ၁၀၀% ပြန်လည်ရရှိမည့် အကျိုးခံစားခွင့်
ပေါ်လစီနှစ် ၆ နှစ် မှ ၁၀ နှစ် အတွင်း နှစ်စဉ် အပိုဆု အကျိုးခံစားခွင့်



AIA

# AIA Beyond Critical Illness အာမခံပေါ်လစီမှ ရရှိနိုင်မည့် အကျိုးခံစားခွင့်များ

## မြန်မာနိုင်ငံဈေးကွက်တွင် ပထမဆုံး

**မြန်မာနိုင်ငံရဲ့ ပထမဆုံး သာလွန်ကောင်းမွန်သော ပြင်းထန်ရောဂါကုသမှု အာမခံအကာအကွယ် -**

ပြင်းထန်ရောဂါအကာအကွယ် အပြင် အပိုဆုများနဲ့ ပေါ်လစီသက်တမ်း ကုန်ဆုံးတဲ့အခါမှာ ပေးသွင်းခဲ့တဲ့ ပရီမီယံကြေးများကိုပါ ၁၀၀% ပြန်လည်ရရှိမှာဖြစ်ပါတယ်။ ပြင်းထန်ရောဂါကုသမှု အကျိုးခံစားခွင့်ကို ထုတ်ယူသည်ဖြစ်စေ၊ မထုတ်ယူသည်ဖြစ်စေ အမြတ်သာရှိပြီး အရှုံးမရှိပါဘူး။

## AIA Beyond Critical Illness ကို ဘာကြောင့် ဝယ်ယူသင့်တာလဲ။

**27** — အကြီးစား ပြင်းထန်ရောဂါ ၂၇ မျိုး အကာအကွယ်ရရှိခြင်း

**2x** — ပြင်းထန်ရောဂါကုသမှု အကျိုးခံစားခွင့် ၂ ဆအထိ ရရှိနိုင်ခြင်း

**$** — အပိုဆု အကျိုးခံစားခွင့်များရှိခြင်း

ပုံမှန်စံနှုန်းသတ်မှတ်ချက်အရ ပေးဆောင်ခဲ့သော စုစုပေါင်း ပရီမီယံကြေးများကို ၁၀၀% ပြန်လည်ထုတ်ပေးခြင်း

ပြင်းထန်ရောဂါကုသမှု အကျိုးခံစားခွင့်အား ထုတ်ယူခဲ့ပြီးသော်လည်း နာရေးထောက်ပံ့ကြေး အကျိုးခံစားခွင့်ကို ဆက်လက် ခံစားခွင့်ရှိနေခြင်း

၁၀ နှစ်လုံးလုံး စိတ်အေးချမ်းသာမှုကို ရရှိနိုင်ခြင်း

AIA

# အကျိုးခံစားခွင့်များ

## ဘဝရဲ့ မသေချာ မရေရာမှုများအတွက် ပြီးပြည့်စုံသော အကာအကွယ်

**27**

### အကြီးစား ပြင်းထန်ရောဂါ ၂၇ မျိုး အကာအကွယ်

ပေါ်လစီသက်တမ်း ပထမ ၅ နှစ်အတွင်းတွင်
အာမခံထားငွေ၏ **၁၀၀%**

ပေါ်လစီသက်တမ်း ၆ နှစ်မြောက်နှင့် နောက်ပိုင်းတွင်
အာမခံထားငွေ၏ **၂၀၀%**

| ပေါ်လစီနှစ် | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 |
|---|---|---|---|---|---|---|---|---|---|---|

### နာရေးထောက်ပံ့ကူငွေ အကျိုးခံစားခွင့်

**ပြင်းထန်ရောဂါကုသမှု အကျိုးခံစားခွင့်ကို ထုတ်ယူခဲ့သည်ဖြစ်စေ၊ မထုတ်ယူခဲ့သည်ဖြစ်စေ**
မမျှော်လင့်ဘဲ ရုတ်တရက် သင်အသက်ဆုံးရှုံးခဲ့တဲ့အခါ သင်ချစ်ရသူများရဲ့ နောင်ရေးအတွက်
စိတ်အေးချမ်းသာမှုရရှိနိုင်စေဖို့ ထောက်ပံ့ကူညီပေးသွားမှာဖြစ်ပါတယ်။

ပြင်းထန်ရောဂါကုသမှု အကျိုးခံစားခွင့်ကို
ထုတ်ယူခဲ့ပါက အာမခံထားငွေ၏ **၁၀%**

ပြင်းထန်ရောဂါကုသမှု အကျိုးခံစားခွင့်ကို
ထုတ်ယူခဲ့ခြင်းမရှိပါက အာမခံထားငွေ၏ **၁၀%**
**(သို့မဟုတ်)** ပေါ်လစီမှ ရရှိနိုင်မည့် **ပေါ်လစီငွေကြေးတန်ဖိုး၊**
ယင်းနှစ်ခုအနက်**ပိုများသည့်ပမာဏ**

## ကျန်းမာအောင်နေထိုင်ခြင်းအတွက် ဆုကြေးများ

သင့်ရဲ့ ကျန်းမာတဲ့လူနေမှုဘဝပုံစံအတွက် အပိုဆုများနဲ့ နှစ်စေ့အကျိုးခံစားခွင့်များကို ဆုကြေးများအနေနဲ့
ပြန်လည်ရရှိနိုင်မှာ ဖြစ်ပါတယ်။

### အပိုဆု အကျိုးခံစားခွင့်

ပေါ်လစီသက်တမ်း ၆ နှစ်မြောက် နှစ်ပတ်လည်နေ့မှစ၍
နှစ်စဉ်ပုံမှန်စံနှုန်းသတ်မှတ်ချက်အရ ပေးသွင်းရမည့်
ပရီမီယံကြေး၏ **၁၀%**

### နှစ်စေ့ အကျိုးခံစားခွင့်

ပေါ်လစီသက်တမ်း ကုန်ဆုံးချိန်တွင်
ပုံမှန်စံနှုန်းသတ်မှတ်ချက်အရ ပေးသွင်းရမည့်
ပရီမီယံကြေးစုစုပေါင်း၏ **၁၀၀%**

# ပေါ်လစီ၏ အဓိကသတ်မှတ်ချက်များ

## အာမခံထားနိုင်သည့် အသက်အရွယ်

၁၆ နှစ် မှ ၆၀ နှစ်အထိ

## ပရီမီယံကြေးပေးသွင်းရမည့် အကြိမ်ရေ

နှစ်စဉ်၊ ၆ လတစ်ကြိမ်၊ ၃ လတစ်ကြိမ်၊ လစဉ်

## ပေါ်လစီသက်တမ်း

၁၀ နှစ်

## အာမခံအမျိုးအစား

ပြင်းထန်ရောဂါကုသမှု အကာအကွယ်ပါရှိသည့် စုငွေအသက်အာမခံအမျိုးအစား

### တစ်သမတ်တည်း ဖြစ်သော ပရီမီယံကြေးနှုန်းထား

ပရီမီယံကြေးကို ပေါ်လစီစတင်ဝယ်ယူသည့် အသက်အရွယ်ပေါ်မူတည်ကာ တွက်ချက်ထားပြီး ပေါ်လစီသက်တမ်းတစ်လျှောက်တူညီတဲ့ ပရီမီယံနှုန်းထားသာ ကျသင့်မှာဖြစ်ပါတယ်။

### ကမ္ဘာတစ်ဝန်းအကာအကွယ် ရရှိနိုင်ခြင်း

ကမ္ဘာတစ်ဝန်း ၂၄ နာရီ၊ ၇ ရက်ပတ်လုံးရရှိနိုင်တဲ့ ဝန်ဆောင်မှုကြောင့် ကမ္ဘာ့ မည်သည့်နေရာတွင်မဆို အကာအကွယ်ကို ရရှိနိုင်ပါတယ်။


# AIA Beyond Critical Illness အောက်တွင် အကာအကွယ်ပေးထားသော အကြီးစားပြင်းထန်ရောဂါ ၂၇ မျိုး

## ဦးနှောက်

- သက်သာပျောက်ကင်းခြင်းမရှိသော ရောဂါလက္ခဏာများဖြင့် ထာဝစဉ်အာရုံကြောချို့ယွင်းစေသည့် - လေဖြတ်ခြင်း
- ဘက်တီးရီးယားကြောင့်ဖြစ်သော ဦးနှောက်အမြှေးရောင်ခြင်း
- ပြင်းထန်သော ဦးနှောက်ရောင်ရောဂါ
- ကင်ဆာမဟုတ်သော ဦးနှောက်အကျိတ်
- ဦးနှောက် ခွဲစိတ်ကုသခြင်း

## နှလုံး

- ပြင်းထန်မှုကို သတ်မှတ်ထားသည့် - နှလုံးရပ်ခြင်း
- ပြင်းထန်သော နှလုံးကြွက်သားရောဂါ
- နှလုံးအတွင်းနံရံရောင်ခြင်း
- လမ်းကြောင်းလွှဲ၍ နှလုံးခွဲစိတ်ကုသခြင်း
- နှလုံးအဆို့ရှင် အစားထိုးခြင်း သို့မဟုတ် ပြုပြင်ခြင်း



## အဆုတ်

- အဆုတ်ပျက်စီးခြင်း နောက်ပိုင်းအဆင့်
- အဆုတ်သွေးလွှတ်ကြော သွေးတိုးရောဂါ

## ကျောက်ကပ်

- ကျောက်ကပ်ပျက်စီးခြင်း နောက်ပိုင်းအဆင့်
- မျိုးရိုးကြောင့်ဖြစ်သော ကျောက်ကပ် အရည်အိတ်တည်ရောဂါ
- အရေပြားလေးဖက်နာရောဂါနှင့် ကျောက်ကပ်ရောင်ခြင်း

## အသည်း

- အသည်းပျက်စီးခြင်းနောက်ပိုင်းအဆင့်
- ပြင်းထန်အသည်းရောင်ရောဂါ

## အခြား

- အကြီးစား ကင်ဆာ
- ရင်ခေါင်း သို့မဟုတ် ဝမ်းဗိုက် နှလုံးသွေးလွှတ်ကြောမကြီး ခွဲစိတ်ကုသခြင်း
- ပြင်းထန်စွာ မီးလောင်ခြင်း
- သတိမေ့ခြင်း (Coma)
- ခွေးရူးပြန်ရောဂါ
- ခန္ဓာကိုယ်အနှံ့ဖြစ်သော မေးခိုင်ရောဂါ
- နာတာရှည်အာရုံကြောဖွဲ့ရောဂါ (Multiple Sclerosis)
- ပိုလီယိုအကြောသေရောဂါ
- ရိုးတွင်းခြင်ဆီပျက်စီးခြင်းကြောင့်ဖြစ်သော နာတာရှည်သွေးအားနည်းရောဂါ
- အရေးကြီးသောကိုယ်တွင်းအင်္ဂါ (နှလုံး၊အဆုတ်၊ အသည်း၊ ကျောက်ကပ် နှင့် သရက်ရွက်) နှင့် ရိုးတွင်းခြင်ဆီ အစားထိုးကုသခြင်း

# AIA Beyond Critical Illness ၏အလုပ်လုပ်ဆောင်ပုံ

အသက် ၃၅ နှစ်၊ ဆေးလိပ်မသောက်သူ မခင်က AIA Beyond Critical Illness အာမခံအကာအကွယ်ကို အာမခံထားငွေ သိန်း ၁၀၀,၀၀၀,၀၀၀ ကျပ်ဖြင့် ဝယ်ယူခဲ့ပါတယ်။

## အကယ်၍ မခင်က ပြင်းထန်ရောဂါ မဖြစ်ခဲ့ပါက

**ပေါ်လစီသက်တမ်း ကုန်ဆုံးချိန်မှာ ပုံမှန်စံနှုန်း သတ်မှတ်ချက်အရ ပေးဆောင်ခဲ့တဲ့ စုစုပေါင်းပရီမီယံကြေးရဲ့ ၁၀၀% ကို တစ်လုံးတည်း ပြန်လည်ရရှိမှာဖြစ်ပြီး၊ ကျန်းမာရေး အခြေအနေကောင်းမွန်စွာ ထိန်းသိမ်းထားနိုင်ခြင်းအတွက် အပိုဆုများကိုလည်း ထပ်ဆောင်းခံစားခွင့် ရရှိမှာဖြစ်ပါတယ်။**

- **မခင် အသက် ၃၅ နှစ် မှ ၄၅ နှစ်အထိ**

| | |
|---|---|
| **စုစုပေါင်းပေးသွင်းခဲ့သော ပရီမီယံကြေးများ** | **၁၂၂,၈၈၀,၀၀၀ ကျပ်** |
| အပိုဆု အကျိုးခံစားခွင့် | ၆,၁၄၄,၀၀၀ ကျပ် |
| နှစ်စေ့ အကျိုးခံစားခွင့် | ၁၂၂,၈၈၀,၀၀၀ ကျပ် |
| **မခင် လက်ခံရရှိခဲ့သည့် စုစုပေါင်း ပမာဏ** | **၁၂၉,၀၂၄,၀၀၀ ကျပ်** |

## အကယ်၍ မခင်မှာ ပြင်းထန်ရောဂါ ဖြစ်ခဲ့ပါက

- **အသက် ၄၁ နှစ်အရွယ် မခင်မှာ အကြီးစားအဆင့် ကင်ဆာရောဂါကို တွေ့ရှိခဲ့ပါတယ်။**

  ပေါ်လစီနှစ် ၆နှစ်အတွင်းမှာ အကြီးစားအဆင့် ကင်ဆာရောဂါ တွေ့ရှိခဲ့တာကြောင့် အကြီးစား ပြင်းထန်ရောဂါကုသမှု အကျိုးခံစားခွင့်အတွက် အာမခံထားငွေရဲ့ ၂၀၀% ဖြစ်တဲ့ ၂၀၀,၀၀၀,၀၀၀ ကျပ် ကို မခင် ရရှိခဲ့ပါတယ်။

  ပြင်းထန်ရောဂါကုသမှု အကျိုးခံစားခွင့်ကို ထုတ်ယူပြီးနောက်မှာ မခင်က ကျန်ရှိနေသေးတဲ့ ပေါ်လစီနှစ်များအတွက် ပရီမီယံကြေးများကို ဆက်လက် ပေးသွင်းစရာမလိုတော့ပါ။

- **မခင်က အသက် ၄၃ နှစ်မှာ ဆုံးပါးခဲ့တာကြောင့် သူချစ်ရတဲ့မိသားစု စိတ်အေးချမ်းသာမှုအတွက် နာရေးထောက်ပံ့ကူငွေ အကျိုးခံစားခွင့် အဖြစ် ၁၀,၀၀၀,၀၀၀ ကျပ် ကို ငွေကြေးဆိုင်ရာအထောက်အပံ့အဖြစ် ရရှိသွားမှာဖြစ်ပါတယ်။**

- **နာရေးထောက်ပံ့ကူငွေ အကျိုးခံစားခွင့်ကို ထုတ်ပေးပြီးနောက်ပိုင်းမှာ မခင်ရဲ့ AIA Beyond Critical Illness အာမခံအစီအစဉ်ကလည်း ပြီးဆုံးသွားခဲ့ပါတယ်။**

| | |
|---|---|
| **စုစုပေါင်း ပေးသွင်းခဲ့သော ပရီမီယံကြေးများ** | **၇၃,၇၂၈,၀၀၀ ကျပ်** |
| **မခင် လက်ခံရရှိခဲ့သည့် စုစုပေါင်း ပမာဏ** | **၂၁၀,၀၀၀,၀၀၀ ကျပ်** |

# အမေးများသော မေးခွန်းများ

- **AIA Beyond Critical Illness အာမခံဆိုတာဘာလဲ။**

  AIA Beyond Critical Illness အာမခံဆိုတာ အကြီးစား ပြင်းထန်ရောဂါကုသမှုအတွက် ငွေကြေးဆိုင်ရာ အထောက်အပံ့ကို ပေးအပ်သွားမယ့် အသက်အာမခံအမျိုးအစား ဖြစ်ပါတယ်။ ဒါ့အပြင် ကျန်းမာတဲ့ နေထိုင်မှုဘဝပုံစံကို အားပေးတဲ့အနေနဲ့ အပိုဆု အကျိုးခံစားခွင့်နဲ့ နှစ်စေ့အကျိုးခံစားခွင့်တို့ကိုပါ ထပ်ဆောင်းပေးအပ်သွားမှာဖြစ်ပါတယ်။ အကယ်၍ မမျှော်လင့်ဘဲ အသက်ဆုံးရှုံးခဲ့ပါကလည်း သင်ချစ်ရတဲ့ မိသားစုအတွက် နာရေးထောက်ပံ့ကူငွေ အကျိုးခံစားခွင့်ကိုပါ ပေးအပ်သွားမှာ ဖြစ်ပါတယ်။

- **AIA Beyond Critical Illness အာမခံကို ဘယ်သူတွေဝယ်လို့ရလဲ။**

  အသက် ၁၆ နှစ် မှ ၆၀ နှစ် အတွင်း ရှိသူတိုင်း ဝယ်ယူလို့ရပါတယ်။

- **ပေါ်လစီမဝယ်ခင် ကျန်းမာရေးစစ်ဆေးဖို့လိုပါသလား။**

  ဟုတ်ကဲ့။  ပေါ်လစီ ဝယ်ယူချိန်မှာရှိတဲ့ မိမိအသက်အရွယ်နဲ့ ရွေးချယ်ထားတဲ့ အာမခံထားငွေအပေါ် မူတည်ပြီး AIA Myanmar နဲ့ ချိတ်ဆက်ထားတဲ့ ဆေးရုံဆေးခန်းများမှာ ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ဖို့ လိုအပ်ပါမယ်။

- **ပေါ်လစီသက်တမ်းပြီးဆုံးသွားတဲ့အခါ ပေးသွင်းထားတဲ့ ပရီမီယံကြေးတွေကို ပြန်လည်ရရှိမှာလား။**

  ဟုတ်ကဲ့။ သင်က ကျန်းမာအောင်နေထိုင်ပြီး အကျိုးခံစားခွင့်များ တောင်းခံခြင်းမရှိခဲ့ပါက ပေါ်လစီသက်တမ်းအဆုံးမှာ ပုံမှန်စံနှုန်း သတ်မှတ်ချက်အရ ပေးဆောင်ခဲ့တဲ့ စုစုပေါင်း ပရီမီယံကြေးရဲ့ ၁၀၀% ကို ပြန်လည် ထုတ်ပေးသွားမှာဖြစ်ပါတယ်။

- **AIA Beyond Critical Illness အာမခံအကာအကွယ်ကို ဘယ်နှနှစ်အထိ ရနိုင်သလဲ။**

  ပေါ်လစီသက်တမ်း ၁၀နှစ် အထိ အကာအကွယ်ရရှိနေမှာဖြစ်ပါတယ်။

- **AIA Beyond Critical Illness အာမခံပေါ်လစီအတွက် အကျိုးခံစားခွင့် တောင်းခံရာမှာ စောင့်ဆိုင်းကာလရှိပါသလား။**

  ဟုတ်ကဲ့။ AIA Beyond Critical Illness ပေါ်လစီအောက် အကျိုးခံစားခွင့်တောင်းခံရာမှာ ပေါ်လစီထုတ်ပေးရက်စွဲ (သို့မဟုတ်) ပေါ်လစီအကျုံးဝင်ရက်စွဲ (သို့မဟုတ်) နောက်ဆုံး ပြန်လည်တည်မြဲသည့်ရက်စွဲတို့အနက် နောက်အကျဆုံးရက်စွဲမှ ရက်ပေါင်း ၉၀ အထိကို စောင့်ဆိုင်းကာလအဖြစ် သတ်မှတ်ပါတယ်။

AIA

ဤလက်ကမ်းစာစောင်တွင် AIA Beyond Critical Illness ၏ အကျဉ်းချုပ်ဖော်ပြချက်သာ ပါရှိပြီး အချက်အလက် အသေးစိတ်များ မပါဝင်ပါ။ AIA Beyond Critical Illness နှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက အရောင်းဆိုင်ရာ အချက်အလက်များကို တောင်းခံရန် အကြံပြုလိုပါသည်။ ၎င်း၏ အကျိုးခံစားခွင့်များ၊ အကျုံးမဝင်မှုများနှင့် စည်းကမ်းသတ်မှတ်ချက် အသေးစိတ်တို့ကို ပေါ်လစီစာချုပ်တွင် ကြည့်ရှုနိုင်ပါသည်။

## ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်

AIA Myanmar ၏ SHER team **+၉၅၉ ၉၄၄ ၇၀၅ ၄၄၀** သို့မဟုတ် AIA ငွေကြေးအတိုင်ပင်ခံများထံ ဆက်သွယ်ပြီး သိလိုသည်များကို တိုက်ရိုက် မေးမြန်းနိုင်ပါသည်။ AIA Myanmar သည် သင့်အား ကူညီပေးရန် အမြဲကြိုဆိုလျက်ရှိပါသည်။